ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**( ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ ။ )**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၆ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၁)နှင့်(၃)တို့တွင် မိမိတို့နှင့်ယှဉ်တွဲဖော်ပြထားသော ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား(၂)နှင့်(၄)တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးငွေများရယူခြင်း၊ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ငွေများရယူခြင်း၊ လိုအပ်သည့် ချေးငွေများရယူခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူနိုင်ပါသည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း(၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ၁၁၊ ၁၂ တို့ဖြင့် ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကိုသုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

## အခန်း(၃)
## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၄၊ ၁၅ တို့ဖြင့် ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့်ရယူခြင်းနှင့် သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့်သုံးငွေများ

၇။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၈။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅) နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၅)နှင့် (၆) တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက် ရယူပြီးပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများလုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကိုသတ်မှတ်ပေးရမည်။

## အပိုင်း ၄
## စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများ

၁၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၂။ (က) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဇယား(၇) နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်သည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၅
## သီးသန့်ရန်ပုံငွေ

၁၅။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီ တောင်းခံနိုင်ခွင့်ရှိသည်–

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

၁၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များ နှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၁၈၁၇.၄၇၇ | | ၅၅၀၀.၀၀၀ | | | | | | ၁၇၃၁၇.၄၇၇ |
| ၂ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၀.၀၀၀ | | | | | | | | ၁၀၀.၀၀၀ |
| ၃ | ပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၆၅၀ | | | | | | | | ၀.၆၅၀ |
| ၄ | ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၅၇၂ | | | | | | | | ၀.၅၇၂ |
| | ပေါင်း | | | | ၁၁၉၁၈.၆၉၉ | | ၅၅၀၀.၀၀၀ | | | | | | ၁၇၄၁၈.၆၉၉ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၆၈၂၄.၄၉၃ | | | ၄၀၉၈၆.၅၃၀ | | | | ၅၇၈၁၁.၀၂၃ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၇၈.၃၇၉ | | | ၄၆၀၃.၀၀၀ | | | | ၅၃၈၁.၃၇၉ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၆.၃၆၀ | | | | | | | ၆၆.၃၆၀ |
| ၄ | ပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၇၄၈.၄၁၈ | | | ၆၈၆.၂၈၀ | | | | ၁၄၃၄.၆၉၈ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၇၂၅.၄၀၈ | | | ၄၄၇.၁၁၈ | | | | ၂၁၇၂.၅၂၆ |
| | ပေါင်း | | ၂၀၁၄၃.၀၅၈ | | | ၄၆၇၂၂.၉၂၈ | | | | ၆၆၈၆၅.၉၈၆ |

## ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၆၉.၂၀၅ | | | | | | | | | | ၄၆၉.၂၀၅ |
| | ၁ | ယစ်မျိုးခွန် | | ၄၆၉.၂၀၅ | | | | | | | | | | ၄၆၉.၂၀၅ |
| ၂ | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၄၅၅.၈၀၃ | | | | | | | | | | ၄၅၅.၈၀၃ |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၂၂၀.၅၇၆ | | | | | | | | | | ၂၂၀.၅၇၆ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၀.၁၀၀ | | | | | | | | | | ၂၀.၁၀၀ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၃၃.၄၃၀ | | | | | | | | | | ၁၃၃.၄၃၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၇၄.၉၅၄ | | | | | | | | | | ၇၄.၉၅၄ |
| | ၅ | အင်းအိုင်ခွန် | | ၆.၇၅၃ | | | | | | | | | | ၆.၇၅၃ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန် | ၎င်း | ၂၂၁၈.၉၉၈ | | | | | | | | | | ၂၂၁၈.၉၉၈ |
| | ၁ | ပစ္စည်းခွန် | | ၇၈၃.၀၁၅ | | | | | | | | | | ၇၈၃.၀၁၅ |
| | ၂ | ဘီးခွန် | | ၃၀၅.၄၃၀ | | | | | | | | | | ၃၀၅.၄၃၀ |
| | ၃ | အခွန်ဝေစု | | ၁၁၃၀.၅၅၃ | | | | | | | | | | ၁၁၃၀.၅၅၃ |

## ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၄ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၁.၈၇၇ | | | | | | | | ၂၁.၈၇၇ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၈.၄၇၇ | | | | | | | | ၁၈.၄၇၇ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၁၀၀ | | | | | | | | ၀.၁၀၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၃.၃၀၀ | | | | | | | | ၃.၃၀၀ |
| ၅ | | သမဝါယမ | ယင်း | | | ၁၀.၂၂၀ | | | | | | | | ၁၀.၂၂၀ |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၇.၅၇၀ | | | | | | | | ၇.၅၇၀ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၂.၆၅၀ | | | | | | | | ၂.၆၅၀ |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | | | | ၂၈.၆၅၀ | | | | | | | | ၂၈.၆၅၀ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၈.၆၅၀ | | | | | | | | ၂၈.၆၅၀ |
| ၇ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ | ယင်း | | | ၁၃.၅၇၀ | | | | | | | | ၁၃.၅၇၀ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၅.၂၉၂ | | | | | | | | ၅.၂၉၂ |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၈.၂၇၈ | | | | | | | | ၈.၂၇၈ |
| ၈ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ယင်း | | | ၁၂.၂၅၈ | | | | | | | | ၁၂.၂၅၈ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁.၂၅၈ | | | | | | | | ၁၁.၂၅၈ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၁.၀၀၀ | | | | | | | | ၁.၀၀၀ |
| ၉ | | အားကစား | ယင်း | | | ၉၂.၇၇၈ | | | | | | | | ၉၂.၇၇၈ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၉၂.၇၇၈ | | | | | | | | ၉၂.၇၇၈ |
| ၁၀ | | သတ္တုတွင်း | ယင်း | | | ၃.၄၀၀ | | | | | | | | ၃.၄၀၀ |
| | ၁ | သားလုပ်ငန်းဌာနခွဲ | | | | ၃.၄၀၀ | | | | | | | | ၃.၄၀၀ |
| ၁၁ | | ဘဏ္ဍာရေး | ယင်း | | | | | ၂၁၆၄၀၈.၀၀၀ | | | | | | ၂၁၆၄၀၈.၀၀၀ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၂၁၆၄၀၈.၀၀၀ | | | | | | ၂၁၆၄၀၈.၀၀၀ |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ယင်း | | | ၁.၀၉၆ | | | | | | | | ၁.၀၉၆ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၁.၀၉၆ | | | | | | | | ၁.၀၉၆ |
| ၁၃ | | ဆောက်လုပ်ရေး | ယင်း | | | ၁၆၇.၇၃၀ | | | | | | | | ၁၆၇.၇၃၀ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၈.၀၁၀ | | | | | | | | ၂၈.၀၁၀ |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၃၉.၇၂၀ | | | | | | | | ၁၃၉.၇၂၀ |
| | | ပေါင်း | | ၃၁၄၃.၁၈၇ | | ၃၅၁.၅၇၉ | | ၂၁၆၄၀၈.၀၀၀ | | | | | | ၂၁၉၉၀၂.၇၆၆ |

# ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၇၈၇၆.၃၄၉ | | | ၁၆၂၆၃.၅၅၀ | | | | ၃၄၁၃၉.၈၉၉ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃၄၉၁.၆၀၄ | | | ၈၇၇၉.၈၃၅ | | | | ၂၂၂၇၁.၄၃၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၇၁.၉၆၂ | | | ၂၂၀.၇၆၈ | | | | ၄၉၂.၇၃၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၄၁၁၂.၇၈၃ | | | ၇၂၆၂.၉၄၇ | | | | ၁၁၃၇၅.၇၃၀ |
| ၂ | | သမဝါယမ | ရှင်း | ၁၄၂၃.၇၈၅ | | | ၅၉၆.၁၅၅ | | | | ၂၀၁၉.၉၄၀ |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၂၂၃.၂၃၉ | | | ၃၃၁.၆၇၇ | | | | ၁၅၅၄.၉၁၆ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၀၀.၅၄၆ | | | ၂၆၄.၄၇၈ | | | | ၄၆၅.၀၂၄ |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ရှင်း | ၅၉၇၆.၆၂၀ | | | ၈၉၈.၄၅၇ | | | | ၆၈၇၅.၀၇၇ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၉၇၆.၆၂၀ | | | ၈၉၈.၄၅၇ | | | | ၆၈၇၅.၀၇၇ |
| ၄ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ | ရှင်း | ၉၂၄.၇၂၀ | | | ၄၀၉.၈၇၄ | | | | ၁၃၃၄.၅၉၄ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၈၈.၄၇၇ | | | ၁၆၅.၁၀၄ | | | | ၃၅၃.၅၈၁ |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၇၃၆.၂၄၃ | | | ၂၄၄.၇၇၀ | | | | ၉၈၁.၀၁၃ |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ရှင်း | ၂၈၀၆.၂၃၃ | | | ၈၃၂.၄၆၅ | | | | ၃၆၃၈.၆၉၈ |
| | ၁ | သစ်တောဦးစီးဌာန | | ၂၆၉၄.၂၄၃ | | | ၂၆၅.၃၁၅ | | | | ၂၉၅၉.၅၅၈ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၁၁.၉၉၀ | | | ၅၆၇.၁၅၀ | | | | ၆၇၉.၁၄၀ |
| ၆ | | အားကစား | ရှင်း | ၈၉၇.၅၀၀ | | | ၁၄၂၀.၀၀၀ | | | | ၂၃၁၇.၅၀၀ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၈၉၇.၅၀၀ | | | ၁၄၂၀.၀၀၀ | | | | ၂၃၁၇.၅၀၀ |
| ၇ | | သတ္တုတွင်း | ရှင်း | ၂၈.၃၄၇ | | | ၂၂.၆၀၀ | | | | ၅၀.၉၄၇ |
| | ၁ | ဆားလုပ်ငန်းဌာနခွဲ | | ၂၈.၃၄၇ | | | ၂၂.၆၀၀ | | | | ၅၀.၉၄၇ |
| ၈ | | ဘဏ္ဍာရေး | ရှင်း | ၁၇၆.၅၉၀ | | | ၁၇၂.၀၀၀ | | | | ၃၄၈.၅၉၀ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၇၆.၅၉၀ | | | ၁၇၂.၀၀၀ | | | | ၃၄၈.၅၉၀ |
| ၉ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ရှင်း | ၁၆၂၄.၈၈၆ | | | ၅၄၃.၀၃၅ | | | | ၂၁၆၇.၉၂၁ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၆၂၄.၈၈၆ | | | ၅၄၃.၀၃၅ | | | | ၂၁၆၇.၉၂၁ |
| ၁၀ | | ဆောက်လုပ်ရေး | ရှင်း | ၃၆၄၅၅.၁၇၇ | | | ၆၂၈၀၉.၉၁၈ | | | | ၉၉၂၆၅.၀၉၅ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၃၇.၅၉၉ | | | ၅၅၀၀.၉၃၇ | | | | ၆၂၃၈.၅၃၆ |
| | ၂ | လမ်းဦးစီးဌာန | | ၃၅၇၁၇.၅၇၈ | | | ၅၇၃၀၈.၉၈၁ | | | | ၉၃၀၂၆.၅၅၉ |
| ၁၁ | | ကုန်တင်၊ကုန်ချ ကော်မတီရုံး | ရှင်း | ၂၃.၅၃၉ | | | | | | | ၂၃.၅၃၉ |
| | | ပေါင်း | | ၆၈၂၁၃.၇၇၄ | | | ၈၃၉၈၇.၄၀၆ | | | | ၁၅၂၁၀၁.၁၀၀ |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | ၄၀.၀၀၀ | | | | | | | | ၄၀.၀၀၀ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၄၀.၀၀၀ | | | | | | | | ၄၀.၀၀၀ |
| | | ပေါင်း | | | | ၄၀.၀၀၀ | | | | | | | | ၄၀.၀၀၀ |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၅.၃၀၀ | | | ၁၆၀၀၀.၀၀၀ | | | | ၁၆၀၀၅.၃၀၀ |
| ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၅.၃၀၀ | | | ၁၆၀၀၀.၀၀၀ | | | | ၁၆၀၀၅.၃၀၀ |
| | ပေါင်း | | ၅.၃၀၀ | | | ၁၆၀၀၀.၀၀၀ | | | | ၁၆၀၀၅.၃၀၀ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁၃ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၂၃၃၉.၆၃၉ | | | ၀.၀၅၇ | | | | | ၁၂၃၃၉.၆၉၆ |
| | ပေါင်း | | | | ၁၂၃၃၉.၆၃၉ | | | ၀.၀၅၇ | | | | | ၁၂၃၃၉.၆၉၆ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(ဂ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | လုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၆၇၂၇.၁၀၂ | | | ၇၀၄၁.၅၉၃ | | | | ၁၄၅၆၀.၆၉၅ |
| | ပေါင်း | | ၆၇၂၇.၁၀၂ | | | ၇၀၄၁.၅၉၃ | | | | ၁၄၅၆၀.၆၉၅ |